ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

# (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၁၄၇ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြ ထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက် စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဦးစိန်မင်း (အထွေထွေမန်နေဂျာ) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - Diamond Star Co.,Ltd.<br>အမှတ် (၉)၊ ယောမင်းကြီးလမ်း၊ ယောမင်းကြီးရပ်ကွက်၊<br>ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ ၂၀၀၀၄၂၆။ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - Nat Yay Kan Commercial Development စီမံကိန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရအဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏အရွယ်အစား** | - မြေဧရိယာ (၇.၇) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊<br>နတ်ရေကန်ကျေးရွာအုပ်စု၊ ဖျောက်ဆိပ်ကုန်းကျေးရွာ။ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၁၃-၁၂-၂၀၂၄<br>သက်တမ်းကုန်ဆုံးရက် - ၁၂-၁၂-၂၀၂၉ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊<br>မန္တလေးတိုင်းဒေသကြီး၏ ၂-၁၀-၂၀၂၄ ရက်စွဲပါ စာအမှတ်၊<br>၂/၆/၇ အီးအိုင်အေ (၁၅၄၀/ ၂၀၂၄) ဖြင့် တင်ပြသည့်<br>**"ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) အစီရင်ခံစာ"** |



၁၁.၁.၂၀၂၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)

( လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန် )

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံ တစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်းဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်း မဟုတ်ဘဲ ပတ်ဝန်းကျင်ထိန်း သိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြု ခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာ ဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်း သည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ (က)

**Diamond Star Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် Nat Yay Kan Commercial Development စီမံကိန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Diamond Star Co.,Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ဖျောက်ဆိပ်ကုန်းကျေးရွာရှိ မြေဧရိယာ (၇.၇) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် Nat Yay Kan Commercial Development စီမံကိန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၂-၁၀-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/ ၆/ ၇ အီးအိုင်အေ (၁၅၄၀/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်ပါသည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးစိန်မင်း၊ အထွေထွေမန်နေဂျာ၊ Diamond Star Co.,Ltd၊ အမှတ် (၉)၊ ယောမင်းကြီးလမ်း၊ယောမင်းကြီးရပ်ကွက်၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉ ၂၀၀၀၄၂၆ ဖြစ်ပါသည်။


၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** အဆိုပြုစီမံကိန်းမှာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပိုင်မြေအား BOT စနစ်ဖြင့်  ကနဦးနှစ် ၅၀ ငှားရမ်း၍ အဆင့် ၃ ဆင့်ခွဲခြားကာ ဆောင်ရွက်မည်ဖြစ်ပါသည်။ စီမံကိန်းတွင် လယ်ထွန်စက်များ၊ စိုက်ပျိုးရေးနှင့် လယ်ယာသုံးစက် ကိရိယာပစ္စည်းများနှင့် ယာဉ်များအရောင်းဆိုင်၊ အစားအသောက်နှင့် သစ်သီးဝလံကုန်စည်များ ရောင်းချဖလှယ်မည့်နေရာ၊ စားသောက်ကုန်နှင့် ကုန်ပစ္စည်းအမျိုးမျိုးအရောင်းစင်တာနှင့် Retail Market အတွက် လိုအပ်သောစားသောက်ကုန်နှင့် ကုန်ပစ္စည်းများ ဖြန့်ဖြူးသိုလှောင်ရန် သိုလှောင်ရုံများ ပါဝင်မည်ဖြစ်ပြီး အဆင့် (၁) လယ်ထွန်စက်များ၊ စိုက်ပျိုးရေးနှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများနှင့် ယာဉ်များအရောင်းဆိုင်၊ အဆင့်(၂) အစားအသောက်နှင့်သစ်သီးဝလံကုန်စည်များ ရောင်းချဖလှယ်မည့်နေရာ၊ စားသောက်ကုန်နှင့် ကုန်ပစ္စည်းအမျိုးမျိုးအရောင်းစင်တာ၊ အဆင့်(၃) စားသောက်ကုန်နှင့်ကုန်ပစ္စည်းများ ဖြန့်ဖြူးသိုလှောင်ရန် သိုလှောင်ရုံ-၁၊ အဆင့် (၄) စားသောက်ကုန်နှင့်ကုန်ပစ္စည်းများ ဖြန့်ဖြူးသိုလှောင်ရန် သိုလှောင်ရုံ-၂ တို့ပါဝင်မည်ဖြစ်ကြောင်း၊ စီမံကိန်းအား အဆင့်အလိုက်အကောင်အထည်ဖော်မည်ဖြစ်ပြီး ၂၀၂၇ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမည်ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးနှင့် လုပ်ငန်းလည်ပတ်ရေးကာလများအတွင်း စီမံကိန်းတွင် လုပ်သားအင်အား များပြားစွာအသုံးပြုမည်ဖြစ်ပြီး ဒေသတွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံများအား ဦးစားပေးခန့်ထားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** အဆိုပြုစီမံကိန်းတွင် လုပ်ငန်းဆောင်ရွက်ရန်အတွက် တည်ဆောက်ရေးကာလအတွက် လုပ်သား (၁၇၆) ဦးနှင့် လုပ်ငန်းလည်ပတ်ရေးကာလအတွက် လုပ်သား (၁၅၀)ဦး ခန့်ဖြင့်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရေသုံးစွဲမှုအနေဖြင့် လုပ်ငန်းသုံးရေနှင့်

အထွေထွေသုံးရေနှင့် ပေ (၂၀၀)အနက်ရှိ အဝီစိတွင်း(၂)တွင်းမှ ရယူသိုလှောင်အသုံးပြုမည်ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလ တွင် ၁ ရက် ဂါလန် ၉၀၀၀ ခန့်အသုံးပြုကြောင်း၊ လည်ပတ်ရေးကာလတွင် ၁ ရက် ဂါလန် ၅၅၂၀ သာ အသုံးပြုမည်ဖြစ်ပြီး အဓိကအရောင်းစင်တာဖြစ်ပါကြောင်း၊ ရေအား ဂါလန် ၈၀၀ နှင့် ၁၆၀၀ ဆံ့သိုလှောင်ကန်နှင့်သိုလှောင်ပါကြောင်း၊ လိုအပ်သော လျှပ်စစ်ဓာတ်အားကို MESC (Mandalay Electricity Supply Corporation) မှ 800 KVA ထရန်စဖော်မာ (၁) လုံးဖြင့်လည်းကောင်း၊ ဂျင်နရေတာ-300 KVA (၃)လုံးဖြင့် လည်းကောင်းရယူ အသုံးပြုဖြစ်ကြောင်း၊ မီးစက်အားလုံးအတွက် လောင်စာဆီ ၁ လ ၆၀၀၀ ဂါလန် အသုံးပြုကြောင်း၊ လည်ပတ်ရေးကာလတွင် ၁ လ စွမ်းအင် 623 KWh ခန့်လိုအပ်မည်ဟု ခန့်မှန်းကြောင်း၊ မီးစက်အတွက် လောင်စာဆီ ၁ နာရီ ၂၁၀ လီတာခန့်၊ စီမံကိန်းအရောင်းစင်တာ၌ Solar System တပ်ဆင်မည်ဖြစ်ပြီး ၎င်းမှ နှစ်စဉ်စွမ်းအင် 817.381 KWh ခန့်ရယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း စီမံကိန်းလုပ်ငန်း ဆောင်ရွက်ရာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

| No. | Phasing | Description | Stage | Duration | Estimated Timeline |
|---|---|---|---|---|---|
| 1 | Phase 1 | Showroom & Sales Center | | | Finished construction in 2022 |
| 2 | Phase 2A | Exchange Center | • Design & Tender<br>• Construction | • 2 months<br>• 4 months | Sept 2022 - Feb 2023 |
| 3 | Phase 2B | Retail Wholesale Center / Cash & Carry | • Design & Tender<br>• Construction | • 5 months<br>• 12 months | Oct 2023 - March 2025 |
| 4 | Phase 3 | Warehouses 1 | • Design & Tender<br>• Construction | • 2 months<br>• 6 months | April 2025 - Nov 2026 |
| 5 | Phase 3 | Warehouse 2 | • Construction | • 6 months | May 2027 - Oct 2027 |

အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ




Layout Plan

**Phase 1** - လယ်ထွန်စက်များ၊ စိုက်ပျိုးရေးနှင့် လယ်ယာသုံး စက်ကိရိယာပစ္စည်းနှင့် ယာဉ်များ အရောင်းဆိုင် **(Showroom & Sales Center)**

**Phase 2A** – အစားအသောက်နှင့် သစ်သီးဝလံ ကိုန်စည်များ ရောင်းချဖလှယ်မည့်နေရာ **(Exchange Center)**

**Phase 2B**– စားသောက်ကုန်နှင့် ကုန်ပစ္စည်းအမျိုးမျိုး အရောင်းစင်တာ **(Retail Whole Sale Center (Cash & Carry))**


**Phase 3** - မြန်မာနိုင်ငံ၏ Retail Market အတွက် လိုအပ်သော စားသောက်ကုန်နှင့် ကုန်ပစ္စည်းများ ဖြန့်ဖြူးသိုလှောင်ရန် သိုလှောင်ရုံများ **(Warehouses)**

၅။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ဖျောက်ဆိပ်ကုန်းကျေးရွာရှိ မြေဧရိယာ (၇.၇) ကေပေါ်တွင် တည်ရှိပါသည်။


Diamond Star Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် Nat Yay Kan Commercial Development စီမံကိန်း၏ တည်နေရာပြမြေပုံ



## Diamond Star Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် Nat Yay Kan Commercial Development စီမံကိန်း၏ Layout Plan



Diamond Star Co.,Ltd. မှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် Nat Yay Kan Commercial Development စီမံကိန်း၏ Development Concept of Land Use and Overall Site Plan




Overall site plan

နောက်ဆက်တွဲ (ခ)

**ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ**
**ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ**

၆။ Diamond Star Co.,Ltd. မှ မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ဖျောက်ဆိပ်ကုန်းကျေးရွာရှိ မြေဧရိယာ (၇.၇) ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် Nat Yay Kan Commercial Development စီမံကိန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၏ ၂-၁၀-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ၂/၆/၇အီးအိုင်အေ (၁၅၄၀/ ၂၀၂၄) ဖြင့် တင်ပြခဲ့သည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းစဉ်။** အဆိုပြုစီမံကိန်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပိုင်မြေအား BOT စနစ်ဖြင့် ကနဦးနှစ် ၅၀ ငှားရမ်း၍ အဆင့် ၃ ဆင့်ခွဲခြားကာ ဆောင်ရွက်မည်ဖြစ်ပါသည်။ စီမံကိန်းတွင် လယ်ထွန်စက်များ၊ စိုက်ပျိုးရေးနှင့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများနှင့် ယာဉ်များအရောင်းဆိုင်၊ အစားအသောက်နှင့်သစ်သီးဝလံကုန်စည်များ ရောင်းချဖလှယ်မည့်နေရာ၊ စားသောက်ကုန်နှင့် ကုန်ပစ္စည်းအမျိုးမျိုးအရောင်းစင်တာနှင့် Retail Market အတွက် လိုအပ်သော စားသောက်ကုန်နှင့် ကုန်ပစ္စည်းများဖြန့်ဖြူးသိုလှောင်ရန် သိုလှောင်ရုံများ ပါဝင်မည်ဖြစ်ပြီး အဆင့် (၁) လယ်ထွန်စက်များ၊ စိုက်ပျိုးရေးနှင့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများနှင့် ယာဉ်များအရောင်းဆိုင်၊ အဆင့်(၂) အစားအသောက်နှင့် သစ်သီးဝလံကုန်စည်များ ရောင်းချဖလှယ်မည့်နေရာ၊ စားသောက်ကုန်နှင့် ကုန်ပစ္စည်းအမျိုးမျိုးအရောင်းစင်တာ၊ အဆင့်(၃) စားသောက်ကုန်နှင့်ကုန်ပစ္စည်းများ ဖြန့်ဖြူးသိုလှောင်ရန် သိုလှောင်ရုံ-၁၊ အဆင့် (၄) စားသောက် ကုန်နှင့်ကုန်ပစ္စည်းများဖြန့်ဖြူး သိုလှောင်ရန် သိုလှောင်ရုံ-၂ တို့ပါဝင်မည်ဖြစ်ကြောင်း၊ စီမံကိန်းအား အဆင့်အလိုက်အကောင်အထည်ဖော်မည်ဖြစ်ပြီး ၂၀၂၇ ခုနှစ်တွင် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမည်ဖြစ်ပါကြောင်း၊ တည်ဆောက်ရေးနှင့်လုပ်ငန်းလည်ပတ်ရေးကာလများအတွင်း စီမံကိန်းတွင် လုပ်သားအင်အားများပြားစွာအသုံးပြုမည်ဖြစ်ပြီး ဒေသတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေး

နှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံများအား ဦးစားပေးခန့်ထားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလအတွက်အောက်ပါအတိုင်းလိုက်နာဆောင်ရွက်ရမည်-

(၁) လေတိုက်နှုန်းပေါ်မူတည်၍ လုပ်ငန်းဆောင်ရွက်မှုများသည်လေထုညစ်ညမ်းနိုင်ခြေရှိပါက ယာယီရပ်ဆိုင်းထားရန်၊

(၂) တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းတို့ကို လေတိုက်စားမှုမရှိစေရေး ဖုံးအုပ်ထားရှိရန်၊

(၃) ကြီးမားသောစက်ယန္တရားတို့အား စနစ်တကျကိုင်တွယ်ဆောင်ရွက်သွားရန်၊

(၄) ထုတ်လွှတ်အခိုးအငွေ့ထွက်ရှိမှုကိုလျှော့ချရန် ကြီးမားသောစက်ယန္တရားများအသုံးပြုချိန်ကို အချိန်အကန့်အသတ်ဖြင့် လျှော့ချဆောင်ရွက်ရန်၊

(၅) စက်ပစ္စည်းများအားလုံးကို ပုံမှန်စစ်ဆေးပြုပြင်သွားရန်၊

(၆) အရည်အသွေးပြည့်ဝသည့် လောင်စာဆီများသုံးစွဲဆောင်ရွက်ရန်၊

(၇) ရပ်ကွက်အတွင်းနှင့် Sensitive Area အတွင်း သတ်မှတ်နှုန်းအတိုင်းမောင်းနှင်ရန်၊

(၈) လုပ်ငန်းအတွင်းအမှိုက်မီးရှို့ခြင်းကို တားမြစ်ရန်၊

(၉) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) အထွေထွေလမ်းညွှန်ချက်များ အပိုဒ် (၁.၁) ပါ သတ်မှတ်ထားသော လမ်းညွှန်တန်ဖိုးများနှင့်အညီ ထိန်းသိမ်းလိုက်နာဆောင်ရွက်ရန်။

(ဃ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းမှအသုံးပြုသည့် Generators, Forklift, Trucks တို့ကို ပုံမှန်စစ်ဆေးခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းများ ဆောင်ရွက်ရန်၊

(၂) Sulfur ပါဝင်မှုနည်းသော လောင်စာဆီကို အသုံးပြုရန်၊

(၃) ယာဉ်များအား သတ်မှတ်နှုန်းအတိုင်း မောင်းနှင်စေရန်၊

(၄) စီမံကိန်းပတ်လည်၌ သစ်ပင်များစိုက်ပျိုးထားရန်၊

(၅) စီမံကိန်းအတွင်း အမှိုက်များ မီးရှို့ခြင်း မပြုရန်အတွက် တားမြစ်ဆောင်ရွက်ရန်၊

(၆) အသုံးမပြုချိန်တွင် စက်များကို ပိတ်ထားရန်၊

(၇) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) အထွေထွေ လမ်းညွှန်ချက်များ အပိုဒ် (၁.၁) ပါ သတ်မှတ်ထားသော လမ်းညွှန်တန်ဖိုးများနှင့်အညီ ထိန်းသိမ်းလိုက်နာဆောင်ရွက်ရန်။

(င) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) Watercourse အနီးပတ်ဝန်းကျင်၌ အမှိုက်များစွန့်ပစ်ခြင်းမပြုရန် တားမြစ်သွားရန်၊

(၂) အထွေထွေသုံးရေမှ စွန့်ပစ်ရေအား သင့်တော်သောသန့်စင်ခြင်းနည်းလမ်းသုံး၍ စွန့်ပစ်သွားရန်၊

(၃) တည်ဆောက်ရေးကာလ စက်ယန္တရားတို့မှ HSD (hysraulic solid Diesel) ယိုယွင်းမှုမရှိစေရေးပုံမှန်စစ်ဆေးသွားရန်၊

(၄) ဘေးအန္တရာယ်ရှိသောပစ္စည်းများသိမ်းဆည်းခြင်းနှင့် ကိုင်တွယ်အသုံးပြုခြင်းအတွက် သီးခြားနေရာသတ်မှတ်ဆောင်ရွက်ရန်၊

(၅) လုပ်သားများမှ ဘေးအန္တရာယ်ရှိသောပစ္စည်းများကိုင်တွယ်ရာတွင် ထိခိုက်မှုမရှိစေရေးနှင့် မြေပေါ်သို့ စွန့်ပစ်ခြင်းမပြုရန်အတွက် စနစ်တကျဆောင်ရွက်ရန်၊

(၆) လုပ်ငန်းလည်ပတ်ခြင်းနှင့် တည်ဆောက်ခြင်းကာလထွက်ရှိသည့် စွန့်ပစ်ရေတို့ကိုအမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)အထွေထွေ လမ်းညွှန်ချက်များ အပိုဒ် (၁.၂) ပါ သတ်မှတ်ထားသော လမ်းညွှန်တန်ဖိုးများနှင့်အညီ စီမံစွန့်ပစ်ဆောင်ရွက်ရန်။

(စ) **ရေအရည်အသွေးစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ရေမြောင်းအတွင်းသို့ အမှိုက်များစွန့်ပစ်မှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်ရန်နှင့်စီမံကိန်းအဆောက်အဦအတွင်း လုံလောက်သောအမှိုက်ပုံးများထားရှိရန်၊

(၂) Septic tank Level အားပုံမှန်စစ်ဆေးသွားရန်၊

(၃) လောင်စာဆီတို့အား ကွန်ကရစ်ကြမ်းခင်းဖြင့် သိုလှောင်သိမ်းဆည်းထားရန်၊

(၄) အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့် ချိတ်ဆက်၍ စနစ်တကျစွန့်ပစ်ရန်၊

(၅) ပြန်လည်အသုံးပြုနိုင်သော အန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို စည်များ၊ ကွန်တိန်နာများဖြင့် စနစ်တကျသိမ်းဆည်းထားရန်နှင့် ယိုစိမ့်မှုမရှိစေရေး ဆောင်ရွက်ရန်၊

(၆) လုပ်ငန်းအတွင်းမှထွက်ရှိသောရေဆိုးများကိုစနစ်တကျစုဆောင်း၍သိမ်းဆည်းသည့်စနစ်နှင့် သင့်တော်သော ရေဆိုးသန့်စင်မှုစနစ်များဖြင့် ပြုပြင်သန့်စင်ပြီးမှသာ ရေနုတ်မြောင်းများသို့စွန့်ပစ်ရန်။

(၇) လုပ်ငန်းလည်ပတ်ရေးကာလ စက်ယန္တရားတို့မှ HSD (Hysraulic Solid Diesel) ယိုယွင်းမှုမရှိစေရေးပုံမှန်စစ်ဆေးသွားရန်၊

(၈) ဘေးအန္တရာယ်ရှိသောပစ္စည်းများသိမ်းဆည်းခြင်းနှင့် ကိုင်တွယ်အသုံးပြုခြင်းအတွက် သီးခြားနေရာသတ်မှတ်ဆောင်ရွက်ရန်၊

(၉) လုပ်သားများမှ ဘေးအန္တရာယ်ရှိသောပစ္စည်းများကိုင်တွယ်ရာတွင် ထိခိုက်မှုမရှိစေရေးနှင့် မြေပေါ်သို့စွန့်ပစ်ခြင်းမပြုရန်အတွက် စနစ်တကျဆောင်ရွက်ရန်၊

(၁၀) လုပ်ငန်းလည်ပတ်ခြင်းနှင့် တည်ဆောက်ခြင်းကာလထွက်ရှိသည့် စွန့်ပစ်ရေတို့ကိုအမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု)အထွေထွေလမ်းညွှန်ချက်များ အပိုဒ် (၁.၂) ပါ သတ်မှတ်ထားသော လမ်းညွှန်တန်ဖိုးများနှင့်အညီ စီမံစွန့်ပစ်ဆောင်ရွက်ရန်။

(ဆ) **ဆူညံသံနှင့်တုန်ခါမှုစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံထွက်ရှိမှုများသော တည်ဆောက်ရေးလုပ်ငန်းများကို နေ့အချိန်တွင်သာဆောင်ရွက်ရန်၊

(၂) စက်များ အသုံးပြုရန်မလိုအပ်ပါက ရပ်ဆိုင်းထားခြင်းနှင့် ပုံမှန်စစ်ဆေးသွားရန်၊

(၃) လမ်းမကြီးပေါ်တွင်မောင်းနှင်သည့်အခါ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ ယာဉ်အမြန်နှုန်းအားကန့်သတ်မောင်းနှင်ရန်၊

(၄) ဂျင်နရေတာအား အသံလုံအဆောက်အဦဖြင့် စီစဉ်ထားရှိရန်၊

(၅) တည်ဆောက်ရေးကာလအတွင်း ပြင်းထန်သောပေါက်ကွဲသံ၊ ဆူညံသံများထွက်ပေါ်ရန်ရှိပါက ပတ်ဝန်းကျင်ရှိဒေသခံများအား အသိပေး၊ ကြေငြာချက်များထုတ်ပြန်ဆောင်ရွက်ရန်၊

(၆) လုပ်ငန်းခွင်အလိုက်သင့်တော်သော Ears Plug များ လုံလောက်စွာထောက်ပံ့ခြင်းနှင့် တတ်ဆင်စေရေးကြပ်မတ်ဆောင်ရွက်ရန်၊

(၇) လုပ်ငန်းခွင်သုံး ယာဉ်များကို ယာဉ်စည်းကမ်းနှင့်အညီ မောင်းနှင်ဆောင်ရွက်ရန်၊

(၈) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) အထွေထွေ လမ်းညွှန်ချက်များ အပိုဒ် (၁.၃) ပါ သတ်မှတ်ထားသော လမ်းညွှန်တန်ဖိုးများနှင့်အညီ ထိန်းသိမ်းလိုက်နာဆောင်ရွက်ရန်။

(ဓ) **ဆူညံသံနှင့်တုန်ခါမှုစီမံခန့်ခွဲမှု။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံနှင့်တုန်ခါမှုနည်းသော ဂျင်နရေတာအား ရွေးချယ်အသုံးပြုရန်၊

(၂) လုပ်ငန်းသုံးစက်ပစ္စည်းများနှင့် ယာဉ်များကို စနစ်တကျပြုပြင်ထိန်းသိမ်းခြင်းများဆောင်ရွက်ရန်၊

(၃) မလိုအပ်သောစက်ကိရိယာများအား လည်ပတ်ခြင်းမပြုရန်အတွက် တားမြစ်ထားရန်၊

(၄) ကြီးမားသော စက်ယန္တရားများ အသုံးပြုချိန်ကို အချိန်အကန့်အသတ်ဖြင့် လျှော့ချဆောင်ရွက်ရန်၊

(၅) Trucks ကားများအား လူနေထိုင်သောနေရာများမောင်းနှင်ရာတွင် အရှိန်ထိန်း၍ မောင်းနှင်ရန်၊

(၆) လုပ်ငန်းလည်ပတ်ရေးကာလအတွင်း ပြင်းထန်သောပေါက်ကွဲသံ၊ ဆူညံသံများထွက်ပေါ်ရန်ရှိပါက ပတ်ဝန်းကျင်ရှိဒေသခံများအား အသိပေး၊ ကြေငြာချက်များထုတ်ပြန်ဆောင်ရွက်ရန်၊

(၇) ဂျင်နရေတာအား အသံလုံအဆောက်အဦဖြင့် စီစဉ်ထားရှိရန်၊

(၈) လုပ်ငန်းခွင်အလိုက်သင့်တော်သော Ears Plug များ လုံလောက်စွာထောက်ပံ့ခြင်းနှင့် တတ်ဆင်စေရေးကြပ်မတ်ဆောင်ရွက်ရန်၊

(၉) အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ အပိုဒ် (၁.၃) ပါ သတ်မှတ်ထားသော လမ်းညွှန်ချက်များနှင့်အညီ ထိန်းသိမ်းလိုက်နာဆောင်ရွက်ရန်။

(ဈ) **မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်။** စီမံကိန်းတည်ဆောက်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အလုပ်သမားများအား မီးလောင်မှုဖြစ်ပွားစေမည့်အပြုအမူများဆောင်ရွက်ခြင်းကိုစည်းကမ်းချက်များထုတ်ပြန်၍ ကန့်သတ်ထားရန်၊

(၂) မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအမံများချမှတ်ဆောင်ရွက်ရန်၊

(၃) မီးသတ်ဌာနမှသတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်ရန်၊

(၄) မီးဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးသင်တန်းများကို မြို့နယ်မီးသတ်ဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

(၅) မီးသတ်ဦးစီးဌာနမှသတ်မှတ်ထားသည့်အတိုင်း လက်လီလက်ကားအရောင်းစင်တာများနှင့် ဂိုဒေါင်များတွင် မီးသတ်ပိုက်အရေအတွက်လုံလောက်စွာထားရှိရန်။

(ည) **မီးဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ်။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အရေးပေါ်စုဝေးရန်နေရာ သတ်မှတ်နေရာခြင်းများ ပြုလုပ်ထားရန်၊

(၂) အလုပ်သမားများနှင့်ရုံးဝန်ထမ်းများအားလုံးကို မီးဘေးအန္တရာယ်ကင်းရှင်ရေး အသိပညာပေးလေ့ကျင့်မှုများပြုလုပ်ရန်၊

(၃) မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ သတ်မှတ်ထားသည့် ပမာဏအတိုင်း မီးသတ်ဆေးဘူး များထားရှိရန်၊

(၄) သက်ဆိုင်ရာအဖွဲ့အစည်းများမှ သတ်မှတ်ချက်များအတိုင်း စက်သုံးဆီများကို သိုလှောင်ထားရှိရန်နှင့် စနစ်တကျကိုင်တွယ်အသုံးပြုရန်၊

(၅) မီးလောင်မှုဖြစ်ပွားပါကကာကွယ်မှုပြုနိုင်ရန် အရေးပေါ်တုံ့ပြန်မှုအစီအစဉ်များပြင်ဆင်ထားရန်၊

(၆) မတော်တဆမီးလောင်မှုဖြစ်ပွားပါက ဘေးလွတ်ရာသို့ရွှေ့ပြောင်းရေးလုပ်ငန်းစဉ်များဆောင်ရွက်ထားရန်၊

(၇) အဆောက်အဦတိုင်းတွင် အရေးပေါ်ထွက်ပေါက်များထားရှိရန်နှင့် ဝင်၊ ထွက်ပေါက်များအား ရှင်းလင်းအောင်ထားရန်၊

(၈) ကေဘယ်ကြိုးများ၊ ဆားကစ်များနှင့် စက်ပစ္စည်းများကို ပုံမှန်စစ်ဆေးခြင်းနှင့် ထိန်းသိမ်းခြင်း၊

(၉) လျှပ်စစ်ပစ္စည်းများကိုအသုံးပြုရာတွင် အရည်အသွေးပြည့်မီသော၊ အာမခံရှိသောပစ္စည်းများတပ်ဆင်အသုံးပြုခြင်း၊

(၁၀) အရေးပေါ်အဆက်အသွယ်များ(မီးသတ်ဝန်ဆောင်မှု၊ ဆေး၊ NGC များစသည်ဖြင့်) စက်ရုံဝန်းအတွင်း ချိတ်ဆွဲထားရှိရန်၊

(၁၁) ပုံမှန်မီးငြိမ်းသတ်ရေးလေ့ကျင့်ခန်းများကို တစ်လတစ်ကြိမ် လေ့ကျင့်ခြင်းများဆောင်ရွက်ရန်၊

(၁၂) မီးလောင်မှုမဖြစ်ပွားစေရန် အစိုင်အခဲစွန့်ပစ်ပစ္စည်းများကို စနစ်တကျကိုင်တွယ် သိုလှောင်ထားရှိရန်၊

(၁၃) သက်ဆိုင်ရာအစိုးရဌာနများနှင့်ချိတ်ဆက်၍ မီးပုံမှန်စစ်ဆေးခြင်းများဆောင်ရွက်ရန်။

(၄) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းတည်ဆောက်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်အမျိုးအစားအလိုက် ခွဲခြားစွန့်ပစ်ရန်စီစဉ်ထားရန်နှင့် သတ်မှတ်နေရာ၌ စွန့်ပစ်ရန်အတွက် ကြပ်မတ်သွားရန်၊

(၂) ထိခိုက်ဒဏ်ရာရခြင်းမှ ကာကွယ်ရန် PPE အပါအဝင် အထူးသတိထားချက်များကို လိုက်နာရန်၊

(၃) လုပ်ငန်းခွင်အတွင်း စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းမပြုရန် ကြပ်မတ်သွားရန်၊

(၄) လုပ်ငန်းခွင်အတွင်း လုံလောက်သော အမှိုက်ပုံးများ စီစဉ်ပေးထားရန်၊

(၅) တည်ဆောက်ရေးလုပ်သားများအတွက် ယာယီအိမ်သာများ စီစဉ်ပေးထားရန်၊

(၆) တည်ဆောက်ခြင်း သို့မဟုတ် ဖြိုဖျက်ခြင်းလုပ်ငန်းများမပြုမီတွင် ခဲအခြေခံဆေးနှင့် အခြားဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို ဖယ်ရှားရန်၊

(၇) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများကို သီးခြားသိုလှောင်သိမ်းဆည်းခြင်းနှင့် စွန့်ပစ်ရာ၌ မြို့နယ်စည်ပင်နှင့်ချိတ်ဆက်၍ ညွှန်ကြားချက်များအတိုင်း စီမံဆောင်ရွက်ရန်၊

(၈) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ သိုလှောင်ရာအနီးတွင် မီးသတ်ဆေးဗူးတပ်ဆင်ရန်။

(၅) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းလည်ပတ်နေစဉ်အတွင်း ထွက်ရှိလာသော စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ရန်၊

(၂) မီးဖိုချောင်မှ စွန့်ပစ်ပစ္စည်းများကို အမှိုက်ပုံးများတွင်သာ စနစ်တကျ စွန့်ပစ်ရန်၊

(၃) လုပ်ငန်းခွင်အတွင်း စွန့်ပစ်အမှိုက်ပုံးများ လုံလောက်စွာထားရှိရန်၊

(၄) စွန့်ပစ်အမှိုက်များကို အမျိုးအစားခွဲ၍ သတ်မှတ်ထားသော နေရာတွင်သာ စွန့်ပစ်ရန်၊

(၅) စီမံကိန်းလည်ပတ်ဆောင်ရွက်နေစဉ်အတွင်း လုပ်ငန်းမှထွက်ရှိသော စွန့်ပစ်အမှိုက်များနှင့် အမှိုက်များကို ကျပန်းစွန့်ပစ်ခြင်းကို တားမြစ်ရန်၊

(၆) စွန့်ပစ်အမှိုက်များကို သတ်မှတ်ထားသော နေရာ၌သာ စွန့်ပစ်ရန်၊

(၇) လုပ်ငန်းခွင်အတွင်း လုံလောက်သောအမှိုက်ပုံးများ ထားရှိရန်၊

(၈) စက်ယန္တရားဟောင်းများနှင့် ကုန်တင်ကားများမှ ဆီယိုစိမ့်ခြင်းနှင့် ဖိတ်ကျခြင်းများကို သတိထားရှောင်ကြဉ်ရန်၊

(၉) စီမံကိန်းမှ ထွက်ရှိစွန့်ပစ်ပစ္စည်းများကို 3Rs စနစ်အတိုင်း လိုက်နာကျင့်သုံး၍ ဆောင်ရွက်ရန်။

(၃) **ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းတည်ဆောက်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိစွန့်ပစ်အမှိုက်များကို ဘေးအန္တရာယ်မရှိသောအမှိုက်နှင့် ပြန်လည်အသုံးပြုနိုင်သော အမှိုက်ဟူ၍ ပြန်လည်ခွဲခြားရန်၊

(၂) ဘေးအန္တရာယ်ရှိစွန့်ပစ်အမှိုက်များကို သတိပေးတံဆိပ်ကပ်ထားသည့် အမှိုက်ပုံး များတွင် စွန့်ပစ်ရန်၊

(၃) ဘေးအန္တရာယ်ရှိစွန့်ပစ်အမှိုက်ပုံးများ ယိုစိမ့်မှုမရှိစေရန် ပုံမှန်စစ်ဆေးရန်၊

(၄) ဘေးအန္တရာယ်ရှိ စွန့်ပစ်အမှိုက်များ လျော့ပါးစေရေးနည်းလမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၅) ဘေးအန္တရာယ်ရှိစွန့်ပစ်အမှိုက်ထည့်သည့် ကွန်တိန်နာများကို သတ်မှတ်ထားသောနေရာသို့ ပြန်ပို့ရန်၊

(၆) ချောဆီများ၊ အင်ဂျင်ဆီများနှင့် HSD များ အသုံးပြုရာတွင် ကွန်ကရစ်ကြမ်းပြင်တွင် မတော်တဆယိုဖိတ်မှုများ ဖြစ်ပေါ်ပါက ကြမ်းပြင်ကို ချက်ချင်း သန့်ရှင်းရေးပြုလုပ်ရန်၊

(၇) ဘေးအန္တရာယ်ရှိ စွန့်ပစ်အမှိုက်များကို ကိုင်တွယ်မည့် ဝန်ထမ်းများအားလုံးအတွက် လုံလောက်သော PPE များ ဝတ်ဆင်စေရန်နှင့် ကိုင်တွယ်ခြင်းနှင့် စွန့်ပစ်ခြင်းအတွက် သီးခြားဝန်ထမ်းများကို ခန့်ထားကာ ၎င်းတို့အတွက် သက်ဆိုင်ရာ သင်တန်းများ စီစဉ်ပေးရန်။

(ဃ) **ဘေးအန္တရာယ်ရှိစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ပစ္စည်းများကို ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းဟူ၍ ခွဲခြား၍ ဘေးအန္တရာယ်ရှိ စွန့်ပစ်အမှိုက်များကို သတိပေးတံဆိပ်ကပ်ထားသည့် အမှိုက်ပုံးများတွင် စွန့်ပစ်ရန်၊

(၂) ဘေးအန္တရာယ်ရှိစွန့်ပစ်အမှိုက်ပုံးများ ယိုစိမ့်မှုမရှိစေရန် ပုံမှန်စစ်ဆေးရန်၊

(၃) ဘေးအန္တရာယ်ရှိစွန့်ပစ်အမှိုက်များ လျော့ပါးစေရေးနည်းလမ်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(၄) ဘေးအန္တရာယ်ရှိစွန့်ပစ်အမှိုက်ထည့်သည့် ကွန်တိန်နာများကို သတ်မှတ်ထားသောနေရာသို့ ပြန်ပို့ရန်၊

(၅) ချောဆီများ၊ အင်ဂျင်ဆီများနှင့် HSD များ အသုံးပြုရာတွင် ကွန်ကရစ်ကြမ်းပြင်တွင် မတော်တဆယိုဖိတ်မှုများ ဖြစ်ပေါ်ပါက ကြမ်းပြင်ကို ချက်ချင်းသန့်ရှင်းရေးပြုလုပ်ရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်အမှိုက်များကို ကိုင်တွယ်မည့် ဝန်ထမ်းများအားလုံးအတွက် လုံလောက်သော PPE များ ဝတ်ဆင်စေရန်နှင့် ကိုင်တွယ်ခြင်းနှင့် စွန့်ပစ်ခြင်းအတွက် သီးခြားဝန်ထမ်းများကို ခန့်ထားကာ ၎င်းတို့အတွက် သက်ဆိုင်ရာ သင်တန်းများ စီစဉ်ပေးရန်၊

(၇) မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၃၀) အတိုင်း လိုက်နာသွားရန်၊

(၈) မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီမှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာသွားရန်။

(ဏ) **ဘေးအန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်။** စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) အမှိုက်များအား မီးရှို့ဖျက်ဆီးခြင်းမပြုရန်အတွက် ကြပ်မတ်သွားရန်၊

(၂) စွန့်ပစ်အမှိုက်များထွက်ရှိမှုလျော့ပါးစေရေးနည်းလမ်းများကိုအကောင်အထည်ဖော်ဆောင်ရွက်ရန်။

(တ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးအစီအစဉ်။** စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်း အသိပေးဆိုင်းဘုတ်များ စီစဉ်ထားရှိရန်၊

(၂) လုပ်ငန်းခွင်အမျိုးအစားအလိုက် သင့်တော်သော PPE များ လုံလောက်စွာထောက်ပံ့သွားရန်၊

(၃) ရှေးဦးသူနာပြုဆေးပစ္စည်းများ လုံလောက်စွာ စီစဉ်ထားရှိရန်၊

(၄) မီးဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ လေ့ကျင့်ခန်းများကို ၁ နှစ် ၂ ကြိမ် စီစဉ်ပေးရန်၊

(၅) ဝန်ထမ်းများအား လုပ်ငန်းခွင်ဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်စေရေး အသိပညာပေးခြင်းနှင့် လုပ်ကိုင်ဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်၊

(၆) ဝန်ထမ်းများအား လုပ်ငန်းခွင်နှင့်လျော်ညီသော သင်တန်းတို့ကို စီစဉ်ပေးရန်၊

(၇) အရေးပေါ်ဖြစ်ပွားပါက သက်ဆိုင်ရာဌာနတို့၏ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်တို့ကို အများသိမြင်နိုင်သည့် နေရာ၌ ကပ်ပေးထားရန်။

(ထ) **အန္တရာယ်စီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် စီမံကိန်းလည်ပတ်ခြင်းကာလအတွက်အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အမျိုးအစားအလိုက် သင့်တော်သော PPE (Face shield, mask, etc) များ လုံလောက်စွာထောက်ပံ့ရန်၊

(၂) လုပ်ငန်းခွင်အတွင်း ကျန်းမာရေးအထောက်အကူပြု ဆေးဝါးများထားရှိရန်နှင့် ကျန်းမာရေးအခြေအနေပုံမှန်စစ်ဆေးခြင်းများဆောင်ရွက်ရန်၊

(၃) လုပ်ငန်းခွင်နှင့်လျော်ညီသော သင်တန်းများ စီစဉ်ဆောင်ရွက်ရန်၊

(၄) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်ပတ်သက်၍ သတင်းအချက်အလက်များအား လုပ်သားများသို့ အသိပေးခြင်းများနှင့်လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်ရန်၊

(၅) လုပ်သားများအတွက် ကျန်းမာရေးပုံမှန်စစ်ဆေးခြင်းများဆောင်ရွက်ရန်၊

(ဒ) **ယာဉ်သွားလာမှုဆိုင်ရာထိန်းချုပ်ရေးစီမံခန့်ခွဲမှု။** စီမံကိန်းတည်ဆောက်ခြင်းကာလနှင့်စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအတွင်း သတိပေးဆိုင်းဘုတ်များစိုက်ထူထားရှိရန်၊

(၂) ယာဉ်အဝင်/ အထွက်လမ်း သီးသန့်ထားရှိခြင်းနှင့် လုံလောက်သောလမ်းအကျယ်ဆောင်ရွက်ထားရှိရန်၊

(၃) အများပြည်သူသုံးလမ်းများ၌ ယာဉ်ရပ်နားခြင်းမရှိအောင် ရှောင်ရှားရန်၊

(၄) လည်ပတ်ရေးကာလအတွင် ယာဉ်များအတွက် လုံလောက်သောကားပါကင်များ စီစဉ်ဆောင်ရွက်ရန်၊

(၅) ယာဉ်မောင်းများအား ယာဉ်စည်းကမ်းချက်နှင့်အညီ မောင်းနှင်စေရေးဆောင်ရွက်ရန်။

(ဓ) **အရေးပေါ်အခြေအနေတုန့်ပြန်ရေးအစီအစဉ်။** စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် စီမံကိန်းလည်ပတ်ခြင်းကာလအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အား မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

၂

(၂) လုပ်သားများအား မတော်တဆ မီးလောင်မှု မဖြစ်စေရေး စည်းကမ်းတကျ လုပ်ကိုင်စေရန်၊

(၃) လျှပ်စစ်ပိုင်းဆိုင်ရာနှင့်စပ်လျဉ်း၍ ကျွမ်းကျင်ဝန်ထမ်း ခန့်ထားရန်၊

(၄) အသိပေးဆိုင်းဘုတ်၌ ဆေးရုံ၊ မီးသတ်၊ ရဲနှင့် အခြားဌာနဆိုင်ရာတို့၏ ဖုန်းနံပါတ်များ ဖော်ပြစီစဉ်ပေးရန်၊

(၅) မီးဘေး၊ ရေကြီးမှု၊ လျှင်ဘေးတို့ကြုံတွေ့လာပါက ဆောင်ရန်/ ရှောင်ရန်တို့အား လေ့ကျင့်သင်ကြားပေးရန်၊

(၆) ဘေးအန္တရာယ်ရှိ ဓာတုပစ္စည်းများဆိုင်ရာ Safety Data Sheets များအား ချိတ်ဆွဲထားခြင်းနှင့် ဝန်ထမ်းများ ရင်းနှီးကျွမ်းဝင်မှုရှိအောင် သင်တန်းများ စီစဉ်သွားရန်၊

(၇) ဂျင်နရေတာနှင့် လောင်စာဆီတို့ကို အုတ်အဆောက်အအုံဖြင့် သီးခြား တည်ဆောက်သွားရန်။

(န) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေးနှင့်စပ်လျဉ်း၍ $NO_2$, $SO_2$, $PM_{10}$, $PM_{2.5}$, CO, $CO_2$, $O_3$ စသည့် Parameter များအား စီမံကိန်းဧရိယာအတွင်းတစ်နေရာတွင် ၁ နှစ် ၂ ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၂) မြေအောက်ရေအရည်အသွေးနှင့်စပ်လျဉ်း၍ pH, DO, Turbidity, Temp:, Conductivity, TDS, ORP စသည့် Parameter များအား စီမံကိန်း၏ မြောက်ဘက်ရှိ တွင်းရေတွင် ၁ နှစ် ၂ ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၃) ဆူညံသံအား စီမံကိန်းဧရိယာအတွင်း ၃ နေရာတွင် ၁ နှစ် ၂ ကြိမ် တိုင်းတာ စစ်ဆေးရန်၊

(၄) စွန့်ထုတ်ရည်အရည်အသွေးအား BOD, Ammonia, Arsenic, Cadmium, COD, Chromium(hexavalent), Copper, Iron, Mercury, Oil and grease, PH, Total Phosphorus, TSS စသည့် Parameter များကို စွန့်ပစ်ရေသန့်စင်စနစ်၏ နောက်ဆုံးကန်ရှိရေအား ၃ လ ၁ ကြိမ် တိုင်းတာစစ်ဆေးရန်၊

(၅) စွန့်ပစ်ပစ္စည်းစွန့်ပစ်သည့်နေရာ၌ ၁ ပတ် ၁ ကြိမ် စောင့်ကြည့်ရန်၊

(၆) အနံ့နှင့်ပတ်သက်၍ စီမံကိန်းအတွင်း ၁ နှစ် ၂ ကြိမ် စစ်ဆေးသွားရန်၊

(၇) OHS နှင့်စပ်လျဉ်း၍ လုပ်သားများ၏ ကျန်းမာရေးအခြေအနေတို့အား နေ့စဉ် စစ်ဆေးသွားရန်၊

(၈) Fire Harzard နှင့် စပ်လျဉ်း၍ ၁ လ ၁ ကြိမ် Fire Drilling ဆောင်ရွက်သွားရန်။

(ပ) **တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းများ။** ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာနှင့် စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်နှင့် လုပ်ငန်းပိတ်သိမ်းခြင်းအစီအစဉ် အတွက် တာဝန်ယူဆောင်ရွက်မည့် အဖွဲ့အစည်းတို့အား အစီရင်ခံစာ၌ ဖော်ပြထားသည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဖ) **အများပြည်သူနှင့်တိုင်ပင်ဆွေးနွေးခြင်း။** အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်းနှင့် စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိ ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရမည်။

(ဗ) **လျာထားအသုံးစရိတ်။** ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် အသုံးပြုမည့် လျာထားအသုံးစရိတ်အား အောက်ပါကတိကဝတ်အတိုင်း ဆောင်ရွက်ရန်နှင့် လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ရမည်-

(၁) စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် စီမံကိန်းလည်ပတ်ခြင်းကာလတို့တွင် စောင့်ကြပ်ကြည့်ရှုမည့် အစီအစဉ်အတွက် ရန်ပုံငွေကျပ် (၆,၅၀၀,၀၀၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းတည်ဆောက်ခြင်းကာလနှင့် စီမံကိန်းလည်ပတ်ခြင်းကာလတို့တွင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အတွက် ရန်ပုံငွေကျပ် (၈,၃၀၀,၀၀၀) ခန့် လျာထားသုံးစွဲမည်ကို လိုက်နာဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များအတွက် နှစ်စဉ်အမြတ်ငွေ၏ ၁ ရာခိုင်နှုန်းအား ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးရေး၊ လူမှုအဖွဲ့အစည်းတို့၌ လျာထားအသုံးပြုမည်ကို လိုက်နာဆောင်ရွက်ရန်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်စည်းကမ်းချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာအရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် တစ်ဖက်ပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(ဂ) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းချက်များ။**
အမျိုးသားပတ်ဝန်းကျင်ရေးရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာမဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၂၀) တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အစီရင်ခံစာ၊ စီမံကိန်းကတိကဝတ်အားလုံးနှင့်စည်းကမ်းချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရမည့်အပြင် ယင်း၏ ကိုယ်စားစီမံကိန်းကို ဆောင်ရွက်ပေးသူ ကန်ထရိုက်တာနှင့် လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာများ အားလုံးသည် စီမံကိန်းအတွက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာနှင့် စည်းကမ်းချက်များအားလုံးကို အပြည့်အဝ လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့် ပြုမူလုပ်ဆောင်ချက်များကို ရှောင်ရှားခြင်း၊ တားမြစ်ခြင်းနှင့် ထိန်းချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်ပျက်စီးမှုများ မဖြစ်စေမီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၃) ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ရေရှည်တည်တံ့သော သဘာဝသယံဇာတ စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝဂေဟစနစ်များကို ထိန်းသိမ်းကာကွယ်ခြင်းနှင့် ပြန်လည်ပြုစုပျိုးထောင်ခြင်းတို့ကို မြှင့်တင်ဆောင်ရွက်ရန်၊

(၄) လတ်တလောနှင့် ရေရှည်တွင် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများမှ ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးတို့ကို ခိုင်မာအားကောင်းစေမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိရန်၊

(၅) ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်မည့် ဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန်နှင့် ပြန်လည်ထူထောင်လာနိုင်စေရန် အရင်းအမြစ်များစုစည်းခြင်းနှင့်ခွဲဝေသုံးစွဲခြင်းတို့ဖြင့် ဘဏ္ဍာရေးလုပ်ငန်းလည်ပတ်မှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရန်၊

(၆) ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို သိရှိနားလည်ပြီး ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်အလားအလာနှင့် သက်ရောက်မှုများကို တုံ့ပြန်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊

(၇) စီမံကိန်းဆောင်ရွက်ခြင်းကြောင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပိုမိုများပြားလာမည်ဖြစ်၍ ပတ်ဝန်းကျင်ပျက်စီးမှုများမဖြစ်မီ ကာကွယ်တားဆီးရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်၊

(၈) ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့သော ကာဗွန်ထုတ်လုပ်မှုနည်းသည့် အစိမ်းရောင်နည်းလမ်းများ၊ နည်းပညာများနှင့် အလေ့အကျင့်များကို ပိုမိုဦးစားပေးဆောင်ရွက်ရန်၊

(၉) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် -

(ကက) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်အမှိုက်များအား ချောင်းရေ၊ မြစ်ရေများအတွင်း တိုက်ရိုက်စွန့်ပစ်ခြင်းမပြုဘဲ သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ်ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းစွာ စွန့်ပစ်ရန်၊

(ခခ) လုပ်ငန်းလည်ပတ်သည့်ကာလတွင် လုပ်ငန်းခွင်မှ ထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာစွန့်ပစ်နိုင်ရေး အမျိုးအစားခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(ဂဂ) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရန်၊

(ငင) စီမံကိန်းမှထွက်ရှိလာမည့် ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများအား ဘေးကင်းစွာစွန့်ပစ်နိုင်ရေး အမျိုးအစားခွဲခြားခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(စစ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရန်၊

(ဆဆ) စီမံကိန်းမှ ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိ ဆောင်ရွက်ရန်၊

(ဇဇ) သန့်ရှင်းသောမြို့အဖြစ်တည်ဆောက်ခြင်းအားဖြင့်ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်စေရေး ပြည့်စုံကောင်းမွန်သော စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများကို ဆောင်ရွက်ရန်။

(ခ) **စံချိန်စံညွှန်းစည်းကမ်းချက်များ။** စံချိန်စံညွှန်းစည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရန်၊

(၃) စွန့်ထုတ်အရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက် အပိုဒ် ၂.၆.၄ ပါ Parameter များတိုင်းတာ၍ သတ်မှတ်ချက်နှင့်အညီ သန့်စင်ပြီးမှ စွန့်ထုတ်ရန်။

(ဂ) **ပလတ်စတစ်စီမံခန့်ခွဲမှုဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ပလတ်စတစ်စီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင်အတွင်းတစ်ခါသုံး ပလတ်စတစ်များ အသုံးပြုမှုကို တားမြစ်ပိတ်ပင်ခြင်း၊ သိသိသာသာ လျှော့ချသုံးစွဲစေခြင်း၊

(၂) တစ်ခါသုံး ပလတ်စတစ်နှင့် ၎င်း၏ထိခိုက်စေမှုများအား အလုပ်သမားများသို့ အသိပညာပေးခြင်း၊

(၃) အလုပ်ခွင်အတွင်းအလုပ်သမားများအား ကိုယ်ပိုင်အိတ်များ/ ပုလင်းများ/ ဘူးများ စသည့်ပြန်လည်သုံးစွဲလို့ရသည့်ပစ္စည်းများသယ်ဆောင်သွားခြင်း၊

(၄) ပလတ်စတစ်အမှိုက်များကို ပြန်လည်အသုံးပြုသည့်နေရာ (သို့) အမှိုက်ကောက်သူများထံသို့ စွန့်ပစ်ခြင်း။

(ဃ) **ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** ဇီဝမျိုးစုံမျိုးကွဲစီမံခန့်ခွဲမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အလုပ်သမားများမှ တောရိုင်းတိရစ္ဆာန်များအား

ဖမ်းဆီးခြင်း၊ ဝယ်ယူခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းများ မရှိစေရေးကြပ်မတ်ဆောင်ရွက်ရမည်။

(င) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့်ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကိုဆောင်ရွက်ရန်၊

(၂) ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်။

(စ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိလုပ်ငန်းများအပါအဝင် တည်ဆောက်ရေး လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးရန်၊

(၂) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စီမံကိန်းအကောင်အထည်ဖော်သည့် ကာလတစ်လျှောက် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုလားချက်များအား အလေးထားပေါင်းစပ် ဆောင်ရွက်ရန်၊

(၃) ဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **လုပ်ငန်းပိတ်သိမ်းခြင်းဆိုင်ရာ စည်းကမ်းချက်များ။** လုပ်ငန်းပိတ်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(၁) စီမံကိန်းသက်တမ်းကုန်ဆုံး၍ ပိတ်သိမ်းခြင်း သို့မဟုတ် မမျှော်လင့်သော ကိစ္စရပ်များကြောင့် ရပ်ဆိုင်းရခြင်းတို့ဖြစ်ပါကစီမံကိန်းဧရိယာအတွင်းတည်ဆောက်ထားသည့် အဆောက်အဦများကို ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး စီမံဆောင်ရွက်ထားရှိရန်၊

(၂) ဝန်ထမ်းများအား နစ်နာကြေးပေးချေခြင်း၊သင့်လျော်သည့်လုပ်ငန်းသို့လွှဲပြောင်း တာဝန်ထမ်းဆောင်စေခြင်းတို့ကို တာဝန်ယူကြီးကြပ်ဆောင်ရွက်ရန်။

(ဈ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာစည်းကမ်းချက်များ။** ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ စီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော (သို့မဟုတ်) ဖြစ်ပေါ်နေ စေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏ တာဝန်များ ပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှုသို့မဟုတ် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ လိုက်နာဆောင်ရွက်မှု ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာ ပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့် အသိပေးတင်ပြရမည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင်အပေါ် သက်ရောက် မှုဖြစ်လာနိုင်သည့်အကြောင်း ကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိ ရန်လိုအပ်သည့် အကြောင်းကိစ္စရပ်ကို ၂၄ နာရီအတွင်းလည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်းအဆိုပြုသူက ယင်းဖြစ်စဉ် ဖြစ်ရပ်ကို စတင်သိရှိသည့် အချိန်မှ ၇ ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာန သို့ အသိပေး တင်ပြရန်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ်လာ သည့် အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှု တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိက ပြောင်းလဲခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယတိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်း ဖြစ်ပါက

စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန်ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရန်၊

(၇) စီမံကိန်းဧရိယာအတွင်း မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့်လည်းကောင်း၊ ပတ်ဝန်းကျင်နှင့်လူမှုရေးအခြေအနေ ပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ်မူတည်၍ သက်ဆိုင်ရာကဏ္ဍအလိုက်စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြရန်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ တင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာပါဝင်တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက်စာတမ်းအထောက်အထားများ၊

(ခခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှု ဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့် အချိန်အထိတိုးတက်မှု၊

(ဂဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူအခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကိုလိုက်နာဆောင်ရွက်ရန်ပျက်ကွက်သည့်အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှုဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(ငင) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စစ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာ အတိုင်းအတာနှင့်စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်

ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏ အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းချက်များ။** ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) ယဉ်ကျေးမှုအမွေအနှစ်နှင့် သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်း ဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းစီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းအဆောက်အအုံများ တွေ့ရှိပါက ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်း ဆက်သွယ်သတင်းပို့ အကြောင်းကြားရန်၊

(၂) စီမံကိန်းဆောင်ရွက်မည့် နေရာဒေသ၏ ဓလေ့ထုံးတမ်းစဉ်လာများ၊ ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်များ၊ အထင်ကရနေရာများကို ထိန်းသိမ်း စောင့်ရှောက် ရန်။

(ည) **လူမှုတာဝန်သိအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိ သို့မဟုတ် စီမံကိန်းမဆောင်ရွက်မီ ကာလထက်မနိမ့်ကျသောလူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှု ရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်း လုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီ အစဉ်များကို စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက် ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (Township Development Plans) များနှင့် ချိတ်ဆက်ဆောင်ရွက် ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက် များအား အလေးထားပေါင်းစပ်ဆောင်ရွက်ရန်၊

(ဌ) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းအစီရင်ခံစာကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာ ကတိကဝတ်များအား ဖြန့်ဝေအသိပေး ထုတ်ဖော်ကြေညာရမည်။

(ဍ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာ စည်းကမ်းချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် သက်ဆိုင်ရာ အခွင့်အမိန့်ရအဖွဲ့အစည်းထံမှစာဖြင့် ခွင့်ပြုချက်ကို လက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊ လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင်ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့် ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရန်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသော ရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်းရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်း ရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရန်၊ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့်အသုံးချနိုင်ရန်၊ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့်

သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့် နည်းလမ်းဖြင့်ပြင်ဆင် ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသား သဘောတူထားခြင်း မရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရန်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့် နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယား၊ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည် တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ၆ လ တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း ထုတ်ဖော်ကြေညာရန်၊

(၄) အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ၎င်းဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ ၁၀ ရက်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များမှတစ်ပါး အများပြည်သူ သိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင်လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများစသည့် အများပြည်သူစုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာနများတွင် လည်းကောင်း အများပြည်သူ သိရှိနိုင်စေရေး တင်ပြထားရှိရန်၊ မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံချက်ကို ရရှိပြီးနောက် ၁၀ ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့်ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့်ဖြစ်စေပေးပို့ရန်၊

(၆) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနက စောင့်ကြပ်ကြည့်ရှုခြင်း၊ စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရန် -

(ကက) စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့် ဆက်စပ်သည့်လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်းလုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာန

အား ကိုယ်စားပြုသူများမှဖြစ်စေ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင် မဆိုဝင်ရောက်ကြည့်ရှုနိုင်ရေး ခွင့်ပြုရန်၊

(ခခ) အရေးပေါ်အခြေအနေတစ်ရပ် ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့် မည်သည့်အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရန်၊

(ဂဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန်လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နမူနာအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ်စာတွဲများ အပါအဝင် စာရွက်စာတမ်း အထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရန်၊

(ဃဃ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များ ကျခံခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှ ကျခံရန်။

(၃) **ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များ။** ရန်ပုံငွေထားရှိမှုဆိုင်ရာစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရန်ပုံငွေထူထောင်ထားရှိရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅)နှစ် ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

သက်တမ်းမကုန်ဆုံးမီ ၆ လ ကြိုတင်၍ သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီး ပထမ ၂ နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း ၃၀ ထက် နောက်မကျစေဘဲ ဦးစီးဌာနသို့ စာဖြင့် သတင်းပို့အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရန်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလမည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့်ကာလအတွက် အချိန် တိုးပေးရန်တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး ၂ နှစ် အတွင်း စီမံကိန်းကို ထိရောက်စွာအကောင်အထည်ဖော်မှုအား စတင်ဆောင်ရွက်ခြင်း မပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာကို အသစ်ပြုလုပ်တင်ပြရန်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာကို ပြန်လည်ပြင်ဆင်စေပြီးတင်ပြရန် ညွှန်ကြားပါက စီမံကိန်းအဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှု ဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်းအချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အစီရင်ခံစာကို မူလအတည်ပြုခဲ့သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများရှိခြင်း၊

(၄) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များ ထုတ်ဖော်ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သော နည်းလမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုးသက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ**

၉။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ်ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရန်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေးအာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရန်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လက်မှတ်ပါလုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်း၊

လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှုပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့် အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက်အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသောလွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်းအဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်း ပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက်ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှု မရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။